# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်
# (၂၀၁၈ခုနှစ်၊ ဖွန်လ ၆ ရက်)
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်အတွင်းငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါ ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာကျပ်ငွေဖြင့် မည်သူမဆို ဝင်ရောက်တင်ဒါ တင်သွင်းနိုင်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Firewall (Turnkey)<br>**ASA5516-FPWR-K9 =** ASA5516-X with Fire POWER services, 8GE,AC,3DES/AES **(Warranty)**<br>**L-ASA5516-TAM-3Y =** CiscoASA5516 Fire POWER **IPS** and **AMP 3YR Licenses** | 2Nos. |
| (ခ) | **ဗဟိုစာရင်းအင်းအဖွဲ့၏အချက်အလက်ကွန်ယက်စနစ်ဖြစ်သော (www.csotemplate.gov.mm) website အဆင့်မြှင့်တင်ရန် Reporting တွင် အသုံးပြုမည့် လိုအပ်သော Graph Application ရေးသားခြင်းလုပ်ငန်း (Turnkey)** | |

၂။ အိတ်ဖွင့်တင်ဒါဖောင်ပုံစံနှင့် စည်းကမ်းချက်များကို ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ဗဟိုစာရင်းအင်းအဖွဲ့ရုံးခွဲ၊ အရှေ့ပိုင်းခရိုင် စုပေါင်းရုံး(တတိယထပ်)၊ ဖြူပွဲ့စိုင်းရဲ လမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် တစ်စောင်လျှင် ငွေကျပ်(၂၀၀၀) နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ စည်းကမ်းချက်များနှင့် Specification များကို www.mopf.gov.mm နှင့် www.csostat.gov.mm Website တို့တွင် ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါဖောင်ရယူရမည့်ရက် - (၇-၆-၂၀၁၈)ရက်မှ (၂၀-၆-၂၀၁၈) ရက်နေ့နံနက်ထိ

၄။ တင်ဒါတင်သွင်းရမည့်နေရာ - ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၀- ၆ -၂၀၁၈ ရက်နေ့၊ နေ့လည် ( ၁ : ၀၀ ) နာရီ

၆။ ဆက်သွယ်ရန်ဖုန်း - ၀၆၇-၄၀၆၃၂၆၊ ၀၆၇-၄၀၆၃၂၇၊ ၀၆၇-၄၀၆၂၈၇

တင်ဒါခေါ်ယူရေးကော်မတီ
ဗဟိုစာရင်းအင်းအဖွဲ့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့**
**ရုံးအမှတ်(၃၂)၊နေပြည်တော်**

ရက်စွဲ၊ ၂၀၁၈ ခုနှစ်   ဇွန် လ        ရက်

**အိတ်ဖွင့်တင်ဒါတင်ရန်ပုံစံ**

သို့

ညွှန်ကြားရေးမှူးချုပ်
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရုံးအမှတ်(၃၂)၊နေပြည်တော်

၁။ ကုမ္ပဏီအမည် ------------------------------------------------

၂။ ကုမ္ပဏီမှတ်ပုံတင်အမှတ် ------------------------------------------------

၃။ ပိုင်ရှင်အမည် ------------------------------------------------

၄။ ပိုင်ရှင်မှတ်ပုံတင်အမှတ် ------------------------------------------------

၅။ ဆက်သွယ်ရန်လိပ်စာ ------------------------------------------------

၆။ ဖုန်းအမှတ် ------------------------------------------------

၇။ တင်ဒါပစ္စည်းအမျိုးအမည် ------------------------------------------------

၈။ တင်ဒါပစ္စည်းဈေးနှုန်း ------------------------------------------------

၉။ Quotation (with Specifications) ------------------------------------------------

၁၀။ Warranty ------------------------------------------------

၁၁။ Validity Date ------------------------------------------------

၁၂။ Delivery Date ------------------------------------------------

လက်မှတ် --------------------------

အမည် --------------------------

**(ဃ) Firewall (2 Nos) (Turnkey)**

| | |
|---|---|
| ASA5516-FPWR-BUN | ASA5516-X with FirePOWER Svcs. Chassis, Subs, FireSighMgr |
| **ASA5516-FPWR-K9** | **ASA5516-X with Fire POWER services,** 8GE,AC,3DES/AES |
| CON-SNT-ASA556F9 | SNTC-8X5XNDB ASA 5516-X with Fire POWER **services**, 8GE **(Warranty)** |
| CAB-ACU | AC Power Cord (UK),C13,BS 1363,2.5m |
| SF-ASK-K9.8.2-K8 | Cisco ASA 9.8.2 Software image for ASA 5506/ 5508/ 5516 series |
| SF-ASA-FP6.2.2-k9 | Cisco Fire POWER Software v6.2.2 for ASA5500-x |
| ASA5516-CTRL-LIC | Cisco ASA5516 **Control Licence** |
| ASA5516-SSD | ASA 5516-X SSD |
| ASA5500-ENCR-K9 | ASA 550 Strong Encryption License (3DES/ AES) |
| L-ASA5516-TAM= | Cisco ASA5516 FirePOWER **IPS and AMP Licenses** |
| **L-ASA5516-TAM-3Y** | CiscoASA5516 Fire POWER **IPS and AMP 3YR Subs** |
| Fs-VMW-2-SW-K9 | Cisco FirePOWER Management Center, (VMware) for 2 devices |
| CON-ECMU-VMWSW2 | SWSS UPGRADES Cisco Firepower Management Center, (VMware) |

(၁) နေပြည်တော် Data Center ရှိ www.csotemplate.gov.mm၊ www.mmsis.gov.mm၊ www.vrs.gov.mm Website များနှင့် သက်ဆိုင်သည့် Server များ၊ ရန်ကုန် Data Center ရှိ www.mopf.gov.mm၊ www.dems.mopf.gov.mm၊ www.csostat.gov.mm Website များနှင့် သက်ဆိုင်သည့် Server တို့အား ကာကွယ်ပေးနိုင်ရမည်။

(၂) Services Warranty ပါရမည်။

(၃) Licenses Version (3) Years ဖြစ်ရမည်။

(၄) သက်ဆိုင်ရာ Website များအား အသုံးပြုရာတွင် အဆင်ပြေစေရန် ဆောင်ရွက်ပေးရမည်။

(၅) ရှေ့ဆက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်ပါဝင်ရမည်။လိုအပ်ပါကထပ်မံတိုးချဲ့နိုင်ရမည်။

## (ခ) CSO Template System (www.csotemplate.gov.mm) အဆင့်မြှင့်တင်ရေးသားခြင်း။

| စဉ် | အမျိုးအစား |
|---|---|
| (1) | **Application Software Development(Turnkey)**<br>(a) CSO Template Management System (Develoment and Installation , Training , Testing , Operation and Maintenance and Commissioning)<br>-Graphic Management System<br>-Statistical Management System<br>-Report Management System |

(၁) CSO Template System တွင် လိုအပ်သော ဇယားများ၊ အချက်အလက်များ ထပ်မံထည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ Database သင်တန်းပေးခြင်းများပြုလုပ်ပေးရမည်။

(၂) စာရင်းအင်းဆိုင်ရာ အချက်အလက်များအား ပြည်သူများနားလည်သိရှိနိုင်မည့် ပုံစံကားချပ်များ၊ ဂရပ်များဖြင့် ဖော်ပြခြင်း၊ ဇယား (၁၁၆) ခု အတွက် လိုအပ်သော ပုံပြကားချပ်များလွယ်ကူစွာကြည့်ရှုနိုင်ရန်နှင့် လိုအပ်သလိုပြောင်းလဲနိုင်ရန် ရေးသားပေးရမည်။

(၃) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ အဆင့်ဆင့်အချက်အလက်များ ထည့်သွင်းရာတွင် တွေ့ရှိရသောအခက်အခဲလိုအပ်ချက်များကို ဖြေရှင်းပြင်ဆင်ပေးရမည်။

(၄) အချက်အလက်များထည့်သွင်းရာတွင် အသုံးပြုသူများအားလုံးနှင့်ကိုက်ညီရန် မည်သည့် Browser အမျိုးအစားတွင်မဆို အသုံးပြုနိုင်ရန် ရေးသားပေးရမည်။

(၅) အချက်အလက်များထည့်သွင်းခြင်းနှင့် Application အသုံးပြုပုံတို့ကို ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများအား သင်တန်းပို့ချပေးရမည်။

(၆) စတင်အသုံးပြုချိန်မှစ၍ (၁) နှစ်အတွင်း လိုအပ်သည်များ ထပ်မံပြင်ဆင်ရေးသားပေးရမည်။

(၇) ရှေ့ဆောင်ရွက်ပေးရမည့်လုပ်ငန်းစဉ်ပါဝင်ရမည်။ လိုအပ်ပါက ထပ်မံတိုးချဲ့နိုင်ရမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့**
**ရုံးအမှတ်(၃၂)၊နေပြည်တော်**

## ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းအတွက် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် တင်ဒါအချက်အလက်များဖော်ပြခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလအထိ) ဘဏ္ဍာနှစ်အတွင်း ဝန်ကြီးဌာန Website နှင့် ဗဟိုစာရင်းအင်းအဖွဲ့ရှိ Website များ၏ Cyber Security ပိုမိုကောင်းမွန်ရေးအတွက် လုံခြုံမှုအဆင့်မြှင့်တင်ရန် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဝယ်ယူမည့် Firewall (၂) ခု နှင့် ဗဟိုစာရင်းအင်းအဖွဲ့၏ အချက်အလက်ကွန်ယက်စနစ်ဖြစ်သော (www.csotemplate.gov.mm) website အဆင့်မြှင့်တင်ရန် Reporting တွင် အသုံးပြုမည့် လိုအပ်သော Graph Application ရေးသားခြင်း လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့် အညီ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းလွှာများတင်သွင်းနိုင်ပါသည်-

(က) တင်ဒါတင်သွင်းသော ကုမ္ပဏီအမည် / ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင် / စည်ပင်လုပ်ငန်းလိုင်စင်မှတ်ပုံတင်) ပိုင်ရှင်၊ MD အမည်နှင့် မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရမည်။ **(တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် တင်ဒါဖွင့်ရက်မတိုင်မီ (၂) ရက်ကြို၍ Firewall အတွက် ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification) များနှင့် Graphic application အတွက် Proposal များကို ရုံးအမှတ်(၃၂) နေပြည်တော် ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်) computersection သို့ (၅) စုံ ပေးပို့၍ Register စာရင်းတင်သွင်းရပါမည်။)**

(ခ) တင်ဒါဖွင့်သည့် နေ့ရက်တွင် ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification) များကို ဈေးနှုန်းတင်သွင်းလွှာနှင့်အတူပူးတွဲတင်ပြရမည်ဖြစ်ပြီး ဌာနမှကြော်ငြာထားသည့် (Specification) နှင့် တင်သွင်းသည့်ပစ္စည်းသည် ကွဲလွဲမှုမရှိစေရပါ။ အနည်းငယ်ကွဲလွဲမှုရှိပါက တင်ဒါဖွင့်သည့်ရက်တွင် ဌာနသို့ အသိပေးရမည်။ ကွဲလွဲမှုရှိပါက ရွေးချယ်ခံရစေကာမူ ပယ်ဖျက်ခြင်းကို လက်ခံရမည်။

(ဂ) ဈေးနှုန်းတင်သွင်းလွှာ၏ ဈေးနှုန်းတည်မြဲမှုကာလသည် ဈေးနှုန်းတင်သွင်းလွှာပိတ်ချိန်မှ (၁) လ အတွင်း တည်မြဲမှုရှိစေရမည်။

(ဃ) သတ်မှတ်အရည်အသွေး (Specification) ပြည့်မီပြီး၊ နောက်ဆုံးအနည်းဆုံး ပေးနိုင်သော ဈေးနှုန်းကို တင်သွင်းရမည်ဖြစ်ပါသည်။

(င) စိစစ်တင်ပြရာတွင် လွယ်ကူအဆင်ပြေရန်အတွက် တင်ဒါပေးသွင်းသောပစ္စည်း တစ်မျိုးချင်း အလိုက် ဈေးနှုန်းပေးသွင်းရန်နှင့် Price, Delivery, Validity, Payment, Brand, Country of Origin တို့ကို ပြည့်စုံစွာဖော်ပြရမည်။

(စ) တင်ဒါခေါ်ယူသော ပစ္စည်းများအား အရေအတွက်လျော့၍ဖြစ်စေ တိုး၍ဖြစ်စေ ဝယ်ယူခြင်းအား လက်ခံရမည်။

(ဆ) တင်ဒါပေးသွင်းရန် စာရင်းသွင်းသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများကိုသာ ရွေးချယ်ရေးအတွက် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။

(ဇ) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

(ဈ) တင်ဒါပေးသွင်းမှုအား တင်ဒါဖွင့်ချိန် မတိုင်မီပေးသွင်းရပါမည်။

(ည) တင်ဒါအောင်မြင်သူများသည် (၇) ရက်အတွင်း တင်ဒါသဘောတူ စာချုပ်ချုပ်ဆို ရပါမည်။ စာချုပ်ချုပ်ဆိုသည့် ရက်မှ (၁) လ အတွင်း ပစ္စည်းပေးသွင်းနိုင်ရမည်။

(ဋ) ပစ္စည်းတင်သွင်းရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုသည့် ရက်မှစ၍ (၁၄)ရက် အတွင်း ပစ္စည်းရောင်းချသူသည် ပစ္စည်းဝယ်ယူသူ၏ ထောက်ခံချက်ဖြင့် လုပ်ငန်း ပြီးမြောက်မှု အာမခံ (Performance Guarantee) အနေဖြင့် စာချုပ်ပါ တန်ဖိုးငွေ စုစုပေါင်း၏ ၁၀ရာခိုင်နှုန်း ကို မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင် လုပ်ငန်း ဆောင်ရွက်မှု ဘဏ်အာမခံ (Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပြီး တင်သွင်းသည့် ပစ္စည်းများရောက်ရှိပြီး လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံ ကြောင်း (Good Acceptance Certificate) လက်မှတ်ရပြီး လုပ်ငန်းအောင်မြင် စွာပြီးစီးကြောင်း ပစ္စည်းဝယ်ယူသူမှ သဘောတူလက်ခံပြီးသည့်နေ့ရက်မှ နောက် (၆) လအထိ ဘဏ်တွင် ထားရှိရမည်။

(ဌ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီများသည် ဝင်ငွေခွန်၂%၊ တံဆိပ်ခေါင်းခွန်၁%နှင့် ကုန်သွယ် လုပ်ငန်းခွန် ၅% ဖြင့် စုစုပေါင်း ၈% အား ဝယ်ယူမည့် ပစ္စည်းအတွက် မြန်မာကျပ်ငွေဖြင့် နိုင်ငံတော်(ပြည်တွင်းအခွန်များဦးစီးဌာန) သို့ ပေးဆောင်ရမည် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ဗဟိုစာရင်းအင်းအဖွဲ့